စာရွက်စာတမ်း (၁)

ပူးပေါင်းဆောင်ရွက်သူများအတွက်

●စစ်ဆေးခြင်း ရည်ရွယ်ချက်

ဤစစ်တမ်း၏ ရည်ရွယ်ချက်မှာ ပါဝင်သူများ၏ ဂျပန်ဘာသာဖြင့်ရေးထားသောစာကို စာဖတ်နေစဉ်နားလည်မှု အကြောင်းအရာကို မိခင်ဘာသာဖြင့်စကားပြောဆိုပြီး မှတ်တမ်းတင်ရန်ဖြစ်ပါသည်။ ပါဝင်သူများ၏ စာဖတ်ခြင်း စွမ်းရည်ကို တိုင်းတာခြင်းမဟုတ်ပါ။

ဤစစ်တမ်းသည် စာဖတ်ခြင်း စကားစု ပြုလုပ်ရန် အတွက် အစီအစဉ်ကို (ခေါင်းဆောင် Mr. Noda Hisashi) မှ တစ်စိတ်တစ်ပိုင်းအနေဖြင့် လုပ်ဆောင်ပါမည်။

●စစ်ဆေးမှုမတိုင်မီပြင်ဆင်မှု

ဂျပန်ဘာသာဖြင့် စာဖတ်ချင်သောအရာနှင့် စာဖတ်ရန် လိုအပ်သောအရာကို ရွေးချယ်ပါ။ စစ်တမ်းထဲမှာ ၄င်းကို စာဖတ်ရန် ဖြစ်ပါသည်။ စာဖတ်ရန်အတွက် ဂျပန်ပြဋ္ဌာန်းစာအုပ်များဖြစ်သည့် ဂျပန်ဘာသာသင်ထောက်ကူပစ္စည်းများကို မရွေးချယ်ရပါ။

တတ်နိုင်သမျှ ဖတ်မည့်အရာသည် အခမဲ့မူပိုင်ခွင့်နှင့် ဝက်ဘ်ဆိုဒ်တွင် အချိန်ကြာရှည်စွာ ကြည့်နိုင်သောအရာကိုရွေးချယ်ပါ။ မည်သည့်အရာကို စာဖတ်ရမည်ကို ရွေးချယ်သည့်အခါ ဒေတာစုဆောင်းသူနှင့် တိုင်ပင်ပါ။

ဥပမာအားဖြင့် အောက်ပါကဲ့သို့သော ဖတ်မည့်အရာများထဲမှ ရွေးချယ်ပါ။

လက်ကမ်းစာစောင်နှင့် ပန်းဖလက်များ၊ ကုန်ပစ္စည်းရှင်းလင်းစာနှင့် အသိပေးကျေညာစာ

အီးမေးလ်၊ ဝက်ဘ်ဆိုက်

သတင်းစာ၊ စာအုပ်၊ ပညာရေးဆိုင်ရာစာတမ်း

စာဖတ်ချင်သောအရာကိုရွေးချယ်ပြီးနောက် ၄င်းကို ဒေတာစုဆောင်းသူထံ အီးမေးလ်ဖြင့်ပို့ပေးပါ။ သို့မဟုတ် ရွေးချယ်ထားသည့် အချက်အလက်ကို ဒေတာစုဆောင်းသူထံ အသိပေးပါ။ ထို့နောက် စစ်တမ်းကောက်ယူသည့်နေ့အထိ စာဖတ်ချင်သောအရာကို စာဖတ်ခြင်းမပြုရပါ။ စစ်တမ်းထဲမှာ ပထမဦးစွာ စာဖတ်ခြင်းဖြစ်ရပါမည်။

ဒေတာစုဆောင်းသူမှ "စစ်တမ်းပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်" နှင့် "နောက်ကြောင်းရာဇဝင်မေးခွန်းလွှာ" စာရွက်စာတမ်းများကို ကြိုတင်ပို့ပေးပါမည်။ "စစ်တမ်းပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်" မှာ လက်မှတ်ထိုးပြီး "နောက်ကြောင်းရာဇဝင်မေးခွန်းလွှာ" မှာ လိုအပ်သည့် အချက်အလက်ကို ဖြည့်စွက်ထားပါ။

●စစ်ဆေးခြင်းအနှစ်ချုပ်

မိမိကိုယ်တိုင် ရွေးချယ်ထားသည့်အရာကို ပုံမှန်စာဖတ်နေကျသည့်အတိုင်း စကားလုံးနှင့်ဝါကျ အဓိပ္ပာယ်ကို မည်ကဲ့သို့ နားလည်သဘောပေါက်မှုအကြောင်းကို မိခင်ဘာသာစကားဖြင့် ဖြည်းဖြည်းပြောဆိုပါ။ အဘိဓါန်နှင့် ကွန်ပျူတာများကို ပုံမှန်အတိုင်း အသုံးပြု၍ စာဖတ်ပါ။

နားလည်သည့်အကြောင်းအရာများသာမက နားထောင်နေစဉ်မှာ ဦးနှောက်ထဲ၌ မည်ကဲ့သို့ စဉ်းစားနေသည်လည်းကိုပါ ပြောဆိုပါ။

ခန့်မှန်းချက်နှင့် နားမလည်သည့်အကြောင်း၊ ဆုံးဖြတ်ချက်ကိုမခွဲနိုင်သည့်အကြောင်း၊ အနက်အဓိပ္ပာယ် ခံယူချက်၏ ပြောင်းလဲမှုကိုလည်း အဖြစ်မှန်အတိုင်း ပြောပြပါ။

ဒေတာစုဆောင်းသူက စကားပြောဆိုခဲ့သည့်အကြောင်းအရာနှင့်ပါတ်သက်၍ မေးခွန်းများ မေးမည်ဖြစ်သောကြောင့် ဖြေကြားပေးပါ။ စစ်တမ်းမှာ စကားပြောဆိုခဲ့သည့် အကြောင်းအရာအားလုံးကို အသံသွင်းထားပါမည်။

●စစ်တမ်း၏နေ့၌ ယူလာရန်ပစ္စည်းများ

စစ်တမ်း၏နေ့၌ အောက်ပါတို့ကိုယူလာရပါမည်။

- ပုံမှန်အသုံးပြုနေသော အဘိဓါန်နှင့် ကွန်ပျူတာများ (စကားလုံးများကို ရှာဖွေချင်သည့်အချိန်တွင် အသုံးပြုပါမည်။)
- လက်မှတ်ထိုးထားသည့် "စစ်တမ်းပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်"
- လိုအပ်သောအချက်အလက်ကိုဖြည့်ထားသည့် "နောက်ကြောင်းရာဇဝင်မေးခွန်းလွှာ"

●စစ်တမ်းကောက်ယူရန် တာဝန်ရှိသူကို ဆက်သွယ်ရန်အချက်အလက်